အသင်တို့သည် ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောခြင်း
မပြုကြလေနှင့်။ ဧကန်အမှန်ပင် ၎င်းတို့သည်
သူတို့ကြိုတင်ပို့ထားသည့် အရာများဆီသို့
ရောက်သွားကြပြီဖြစ်သည်။
အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်။ အသင်တို့သည်
ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောခြင်း မပြုကြလေနှင့်။ ဧကန်အမှန်ပင်
၎င်းတို့သည် သူတို့ကြိုတင်ပို့ထားသည့် အရာများဆီသို့ ရောက်သွားကြပြီဖြစ်သည်။
[صحيح] [رواه البخاري]
ကွယ်လွန်သူများကို ဆဲဆိုမကောင်းပြောဆိုခြင်း၊ ၎င်းတို့၏ ဂုဏ်သိက္ခာကို
ထိပါးစော်ကားခြင်းတို့ကို တားမြစ်ထားကြောင်း တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။
ထိုသို့ပြောဆိုခြင်းသည် မကောင်းသည့် ကိုယ်ကျင့်တရားပင်ဖြစ်သည်။
ထိုကွယ်လွန်သူများသည် ၎င်းတို့ကြိုတင်ပို့ထားသည့် ကောင်းမြတ်သည့်
အမလ်လုပ်ရပ်များဆီသို့ဖြစ်စေ သို့မဟုတ် မကောင်းသည့် အမလ်လုပ်ရပ်များဆီသို့ဖြစ်စေ
ရောက်သွားကြပြီဖြစ်သည်။ သို့ဖြစ်၍ ထိုသို့ဆဲဆိုမကောင်းပြောဆိုခြင်းသည်
၎င်းကွယ်လွန်သူများထံ မရောက်ရှိဘဲ ရှင်နေသူများကိုသာ ထိခိုက်နာကျင်စေသည်။
https://sunnah.global/hadeeth/my/show/5364